# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း ၆ ရက် ၊ ၂၄-၁၂-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဓမ္မတေးသီချင်းကျူးချင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ဓမ္မသီချင်းအား စုပေါင်းသီဆိုကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများက ကြီးမှူးကျင်းပသည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မိတ်သဟာယမိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရားကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ✣

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၃ ပေမှ ၅ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၂၄ ရက် ၊ ဗုဒ္ဓဟူးနေ့ ။

မန္တလေး

## သစ်လွင်သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်လျက်ရှိ

ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးရှေ အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့ သူနာပြု သားဖွားများလိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သော ခံယူချက်ရှိသည့် သူနာပြု၊ သားဖွားကောင်းများ ဖြစ်ကြစေလိုကြောင်းနှင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဖော်ရွေစွာပြောဆိုဆက်ဆံကြစေလိုကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်) Auditorium ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည့် ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းဆင်းမည့် သစ်လွင်သူနာပြုများနှင့် သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်းဆင်းမည့် သစ်လွင်သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ပွဲ၌ ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဆင်း သစ်လွင်သူနာပြုနှင့် သားဖွားများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် သူနာပြုအတတ်ပညာဖြင့် ပြည်သူလူထုကို အကျိုးပြုကြရန် ပြောကြားသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌက သင်တန်းဆင်းမည့် သစ်လွင်သူနာပြု၊ သားဖွားများကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ သက်ဆိုင်ရာဆေးရုံ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်စေလိုကြောင်း၊ လူနာများကို ပြုစုစောင့်ရှောက်ရာတွင် သူနာပြုသစ္စာဓိဋ္ဌာန်(၈)ချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက နေပြည်တော် သူနာပြု၊ သားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၈၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ တက်ရောက်အောင်မြင်သူ သစ်လွင်သူနာပြု ၃၄၀၊ ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်းမှ တက်ရောက်အောင်မြင်သူ သစ်လွင်သားဖွား ၁၆၂ ဦး၊ စုစုပေါင်း ၅၈၈ ဦး ကိုယ်စား သစ်လွင်သူနာပြုနှစ်ဦး၊ သစ်လွင်သားဖွားတစ်ဦးတို့ထံ ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာ အမိန့်စာများပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်ရှိ သူနာပြုသင်တန်းကျောင်းခြောက်ကျောင်း၊ သားဖွားသင်တန်းကျောင်း တစ်ကျောင်းတို့အတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၃၅၀ ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး တေးသရုပ်ဖော်အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်တွင် သစ်လွင်သူနာပြု ၁၅၂၀ နှင့် သစ်လွင်သားဖွား ၃၆၁ ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၁၇၆၂ ဦးကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ်၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများကို မန္တလေးတိုင်းဒေသကြီးတွင် ကပ်ထားကြေညာ

**မန္တလေး ဒီဇင်ဘာ ၂၃**

၂၀၂၅ခုနှစ်၊ ရွေးကောက်ပွဲအတွက် မဲစာရင်းများကို မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း ၁ အဖြစ်ကျင်းပမည့် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းမှန်ကန်စေရေး ဖြည့်စွက်ပြင်ဆင်ပြီးသည့် မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်က နောက်ဆုံးအကြိမ်အဖြစ်ကပ်ထားကြေညာရာ ရပ်ကွက်အတွင်းရှိပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှု၍ မိမိတို့မဲစာရင်းအမှတ်စဉ်နှင့် မဲရုံအမှတ်များကို မှတ်သားကြကြောင်း သိရသည်။

အဆိုပါမဲစာရင်းများ ကပ်ထားကြေညာထားသည့် ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးသို့ မန္တလေးတိုင်းဒေသကြီး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်းနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ လာရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ယနေ့နောက်ဆုံးအကြိမ် ကပ်ထားကြေညာသည့် မဲစာရင်းများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်ငွေက "မဲစာရင်းတွေကို မနက် ၆ နာရီကတည်းက မဲပေးကြမယ့် ပြည်သူတွေက မဲစာရင်းကို စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုကြပြီး မိမိတို့ မဲစာရင်းအမှတ်စဉ်ကို မှတ်သားကြတာတွေ့ရတယ်။ ဒီနေ့မှာ မဲဆန္ဒရှင်အတည်ပြု နောက်ဆုံးအကြိမ်စာရင်းတွေကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ အများသိရှိအောင်ကပ်ထားပါတယ်။ ဆန္ဒမဲပေးရာမှာလည်း လွယ်ကူအောင် စီစဉ်ဆောင်ရွက်ထားပါတယ် "ဟု ပြောသည်။

"ကျွန်တော်က ကန်ကောက်ရပ်ကွက်ကပါ။ ရွေးကောက်ပွဲမှာ မဲပေးချင်လို့ မဲစာရင်းထဲမှာ ပါသလား လာကြည့်တာပါ။ မိသားစုအားလုံး မဲပေးရမယ့်စာရင်းထဲမှာ ပါပါတယ်။ မဲစာရင်းရှာလို့ အခက်ခဲတွေ့နေရင်လည်း ကွန်ပျူတာနဲ့ရှာပေးပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မယ့်ပါတီကို မဲပေးရွေးချယ်နိုင်ဖို့ မဲစာရင်းလာကြည့်ကြပါလို့ဖိတ်ခေါ်ပါတယ်" ဟု မဲစာရင်းလာရောက်ကြည့်ရှုသူ ဦးခင်ဌေးက ပြောသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အပိုင်း(၁)အဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယခု ကပ်ထားကြေညာသည့် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဒီဇင်ဘာ ၂၃ရက်မှ ၂၅ရက်ထိ ကြေညာထားမည်ဖြစ်ပြီး ၂၆ ရက်မှ ၂၈ ရက်ထိ မဲရုံအသီးသီး၌ ကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁လမ်းနှင့် ၆၄ လမ်းထောင့်၊ ဓမ္မာရုံရှေ့တို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၂၄ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၉ လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် ခရစ္စမတ်နေ့ရုံးပိတ်ရက်ဖြစ်သဖြင့် သက်သာဈေးရောင်းချမှုကို ရပ်နားထားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက် ရှိန့်ရှိန့်၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံခရစ်တော် သာသနာပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များ၊ ကက်သလစ်လူငယ်အဖွဲ့များနှင့် ခရစ်ယာန်ဘာသာဝင် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီ ကာသီဒြယ်ကက်သလစ် ဘုရားကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကြိုဆိုနှုတ်ဆက်ပြီး ခရစ်ယာန်လူငယ်များက ခရစ်ယာန်ဓမ္မတေးသီချင်းများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေပြီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့သည် သီဆိုတီးမှုတ်ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## မှတ်တမ်းဗီဒီယိုအားကြည့်ရှု

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် စိန့်မေရီကာသီဒြယ် ကက်သလစ်ဘုရားကျောင်းတော်ကြီးအတွင်းရှိ ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံသို့ လာရောက်စဉ် အသုံးပြုခဲ့သည့် လှည့်လည်ယာဉ်များကို ကြည့်ရှုပြီး ပုပ်ရဟန်းမင်းကြီးဖရန်စစ် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်စဉ် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကက်သလစ် ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့၏ ခရစ္စမတ် ဆုတောင်းပွဲများနှင့် မိတ်သဟာယပွဲတော်များ ကျင်းပပြုလုပ်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့် ကက်သလစ်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုတို့ သီဆိုတီးမှုတ် ကပြဖျော်ဖြေခဲ့ကြသည့် ခရစ်ယာန်လူငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားဒုတိယပိုင်း ကျင်းပမည့် ဘုရားကျောင်းတော်အတွင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ ခရစ်ယာန်ကောင်စီမှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ကက်သလစ်သာသနာမှ ဆရာတော်ကြီးများ၊

စာမျက်နှာ ၄ သို့ ❖





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြစဉ်။

❖ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ ဇူဗလီ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ မြန်မာနိုင်ငံ ခရစ်တော်သာသနာပြန့်ပွားမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ်မှ ဆရာတော်ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ခရစ်တော်ကို မျှော်လင့်သော သတ္တမနေ့ အသင်းတော်မြန်မာနိုင်ငံ သာသနာအဖွဲ့ချုပ် သိက္ခာတော်ရ ဆရာဦးဖိုးဖိုးလှက အဖွင့်ဆုတောင်းစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ခမ္ဘတေးသီချင်း ကျူးဧချင်း "အိုသာယာသော မြန်မာပြည်တော်ကျူး" ခမ္ဘသီချင်းအား စုပေါင်းသီဆိုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များ ကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တေးသံရှင် ပန်းရောင်ခြယ်က ဂုဏ်တော်ချီးမွမ်းခြင်း သီချင်းအား သီဆိုသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ခရစ္စမတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရာသီသဘာဝနှင့် အခါသမယတို့ပေါင်းစုံချိန်တွင် ယခုကဲ့သို့ကျရောက်လာသည့် ခရစ္စမတ်ပွဲတော်နှင့်အတူ ခရစ်ယာန်ဘာသာဝင်များ၊ နိုင်ငံသူ နိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံးဘာသာတရား၏ မေတ္တာရိပ်အောက်တွင် ချစ်ခြင်းမေတ္တာများနှင့် ငြိမ်းချမ်းသာယာခြင်း ရှိကြပါစေရန် ဆုမွန်ကောင်းဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ခရစ္စမတ်ပွဲတော်သည် လူသားများကြားတွင် ချစ်ခြင်းမေတ္တာတရားများကို လွှမ်းခြုံစေသည့်အပြင် ခရစ်ယာန်ဘာသာဝင်များ၏ မွန်မြတ်သည့် အနှစ်သာရတစ်ခုကို ထင်ဟပ်ပြသခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ယနေ့ လူသားအားလုံး ခိုလှုံရာကမ္ဘာကြီးတွင် ကိုးကွယ်မှု ဘာသာများစွာရှိပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဆိုသည့် အဓိကဘာသာကြီး လေးမျိုးအဖြစ် သတ်မှတ်ထားသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံစည်းမျဉ်းများသဖွယ် တွေ့မြင်ကြရမည်လည်း ဖြစ်ကြောင်း၊ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်း သာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်မိကြောင်း။

လူမှုအဖွဲ့အစည်းတစ်ခုမှ စတင်ပြီး လူမှုအသိုက်အဝန်းကြီး တစ်ခုလုံးငြိမ်းချမ်းသာယာမှုသာ လူသားများရှင်သန်ရပ်တည်ရာ ကမ္ဘာကြီးကလည်း ငြိမ်းချမ်းသာယာမည်ဖြစ်ကြောင်း၊ လူသားတစ်ဦးနှင့် တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတ တရားများသည် လူ့အသိုက်အဝန်းကြားတွင် နိုင်လိုမင်းထက်မှုများ၊ သတ်ဖြတ်ညှဉ်းဆဲမှုများစသည့် ဒုစရိုက်တရားများကိုသာ ဆင့်ကဲဖြစ်ပေါ်စေကြောင်း၊ ဘာသာတရားများ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့် ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွင်း ကိုးကွယ်ခွင့်ဆိုင်ရာနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၃၄ တွင် **"ငြိမ်ဝပ်ပိပြားရေးနှင့် သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော် လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော် လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ် ဆောက်တည်နိုင်သော အခွင့်အရေးတို့ကိုအညီအမျှ ရရှိစေရမည်"** ဟု အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည့် အတွက် မည်သည့်ဘာသာကို မဆို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားပြီး ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ် ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်းအလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် ဆွေမျိုးရင်းချာ စိတ်ထားပြီး နိုင်ငံတော်၏ ကောင်းရာ ကောင်းကျိုးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။

ရင်းနှီးနွေးထွေးသည့် ဘာသာဝင်များကြားမှ အဆိုပါအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပြီး စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ လေးစားယုံကြည်မှု လျော့ပါးအောင် လုပ်ဆောင်လာသည့် မည်သည့်သွေးထိုး နှောင့်ယှက်မှုမျိုးကိုမဆို မိသားစုစိတ်ရင်းဖြင့် လက်တွဲပူးပေါင်း ကာကွယ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘာသာတရားတိုင်းတွင် အကျင့်တရား၊ စောင့်ထိန်းအပ်သော တရားဆိုသည့် ဘုံတူညီမှုများကို တွေ့ရှိရပြီး အဆိုပါအကျင့်တရားများသည် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုကို အဓိကအခြေခံထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းမှုများသည် လူသားများအတွက် စာမျက်နှာ ၅ သို့ ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ပေါင်းစုံ အဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယ မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ကြစဉ်။

✻ ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ လမ်းညွှန်ပြသမှုများကသာ လူသားများအတွက် ငြိမ်းချမ်းသာယာခြင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်ကို လေးလေးနက်နက် ယုံကြည်

✻ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ် ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြ

✻ မည်သို့ပင် ကိုးကွယ်ရာကွဲပြားပါစေ ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်း အလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စု စိတ်ဓာတ် အပြည့်ဖြင့် ဆွေမျိုးရင်းချာ စိတ်ထားပြီး နိုင်ငံတော်၏ ကောင်းရာကောင်းကျိုး အတွက် ဆောင်ရွက်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ စာမျက်နှာ ၄ မှ

ရပ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသောဖွံ့ဖြိုးတိုးတက်မှုများကို အင်အားကြီးမားစွာ အထောက်အပံ့ပေးနိုင်ပြီး လူမှုအသိုက်အဝန်းတစ်ခုလုံးကို စည်ပင်သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ခြင်း ဖြစ်သဖြင့် ဘာသာတရားသည် မွန်မြတ်သော အဆုံးအမအဖြစ် ခိုင်ခိုင်မာမာ ယုံကြည်သည်ကို ပြောကြားလိုကြောင်း။

ထိုသို့ဘာသာတရားများအပေါ် အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားကာ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း အပေါ် ငြိမ်းချမ်းစွာ လျှောက်လှမ်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ယနေ့ကဲ့သို့ အခါသမယကောင်းဖြစ်သည့် ခရစ္စမတ် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားတွင် ဦးဆောင်ကျင်းပပေးကြသည့် ခရစ်ယာန်ဘာသာဝင် ဆရာတော်ကြီးများနှင့် ဘာသာဝင်များ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ နိုင်ငံသူနိုင်ငံသားများ၊ ကမ္ဘာတစ်ဝန်းတွင် နေထိုင်ကြသည့် ခရစ်ယာန်ဘာသာဝင်များအားလုံး မွေးနေ့တော်မှစ၍ ငြိမ်းချမ်းခြင်း အနှစ်သာရများကို ကိုယ်စီပိုင်ဆိုင်ပြီး ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်းလိုက်ပါကြောင်း ပြောကြားသည်။

**ဆုတောင်းစကားပြောကြား**

ယင်းနောက် မြန်မာနိုင်ငံ ဇဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရ ဆရာဒေါက်တာ ဦးအေးမင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အထူး ဆုတောင်းစကား ပြောကြားပြီး မက်သဒစ် အသင်းတော် (အောက်မြန်မာပြည်) မက်သဒစ် အင်္ဂလိပ်အသင်းတော် သံစုံတီးဝိုင်းအဖွဲ့က ခရစ္စမတ်သံစုံ ဓမ္မတေးသီချင်းအား သီဆိုတီးမှုတ်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရစ်ယာန်သာသနာ ပြန့်ပွားမှုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာဒေါက်တာမျိုးမြင့်ဦး ဦးဆောင်၍ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မွေးနေ့တော်ပွဲ အတုံ့အပြန် ဖတ်ကြားခြင်းကို လည်းကောင်း၊ Sister ရှူဖီးက သမ္မာကျမ်းစာ ဖတ်ကြားခြင်းကို လည်းကောင်း၊ ခရစ္စမတ် ဓမ္မဒေသနာချီးမြှင့်ဟောကြားခြင်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့ထံ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘို၊ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးနှင့် သိက္ခာတော်ရ ဆရာ ဒေါက်တာ အေးမင်းတို့က ခရစ္စမတ်အမှတ်တရ မေတ္တာလက်ဆောင်၊ ခရစ္စမတ် ဆုတောင်းလွှာနှင့် ကျောက်စိပန်းချီကားကို ပေးအပ်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ခရစ္စမတ် အထိမ်းအမှတ် လက်ဆောင်များကို ပြန်လည်ပေးအပ်သည်။

ယင်းနောက်သိက္ခာတော်ရဆရာ မန်းပါမာစတန်က ကျေးဇူးတင်စကားပြောကြားပြီး သိက္ခာတော်ရ ဒေါက်တာ မောရစ်လျှန်နာက ခရစ္စမတ်အခါသမယ မိတ်သဟာယ မိတ်ဆုံစားပွဲ ဖြစ်မြောက်ရေးနှင့် ပါဝင်ပေးခဲ့သူများအားလုံးအတွက် ကျေးဇူးတော် ချီးမွမ်းခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ "တိတ်ဆိတ်ည သန့်ရှင်းည" ဓမ္မသီချင်းကို ပရိသတ်များက သံပြိုင်သီဆိုကြသည်။ ထို့နောက် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ခရစ္စမတ် ကောင်းချီးဆုမွန်စကား ပြောကြားရာတွင် မင်္ဂလာရှိသော ခရစ္စမတ် အခါသမယတွင် ခရစ်ယာန် ဘာသာဝင်များ သာမက ကမ္ဘာပေါ်ရှိ လူသားအားလုံး ခရစ္စမတ်၏ကောင်းခြင်းမင်္ဂလာတို့ဖြင့် ပြည့်စုံပါစေကြောင်း၊ နှစ်သစ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပါစေကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး မိသားစု၊ မြန်မာပြည်သူပြည်သားအားလုံး ကောင်းချီးမင်္ဂလာများ ရရှိပါစေကြောင်း ဆုမွန်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် ပေါင်းစုံအဖွဲ့ချုပ်ကြီးများက တည်ခင်းဧည့်ခံသည့် မိတ်သဟာယ မိတ်ဆုံစားပွဲကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်





# ပြင်ဦးလွင် ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားများပြား

ပြင်ဦးလွင် ဒီဇင်ဘာ ၂၃

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် ပန်းပွဲတော်ကို ဒီဇင်ဘာ ၆ ရက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဂီတအနုပညာတင်ဆက်မှုများဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာလည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခုကျင်းပသည့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးထားပြီး ပန်းပြကွက်များကို မြင်ကွင်းကျယ်ပန်းခင်းများအဖြစ် ပုံဖော်ဖန်တီးထားသဖြင့် ရောင်စုံပန်းခင်းများနှင့် တစ်သားတည်း ကြည့်ရှုခံစားလည်ပတ်နိုင်မည်ဖြစ်သည်။ ထို့ပြင် အရောင်အသွေးစုံလင်သည့် ပြည်တွင်း၊ ပြည်ပမှ နွေ၊ မိုး၊ ဆောင်း ရာသီပန်းမျိုးစိတ် ၄၀ ခန့်ဖြင့် ပန်းပင်အရေအတွက် နှစ်သိန်းကျော်ကိုလည်း ပုံဖော်စိုက်ပျိုးပြသထားသည်။

ထူးခြားသည့်ပန်းပြကွက်အနေဖြင့် သုံးဖက်မြင်ပန်းပြကွက် သုံးခုကို ရနံ့မွှေးလီလီပန်း၊ နေကြာပန်း၊ ဟော်လန် ဂန္ဓမာပန်းတို့ဖြင့် အလှဆင်ပြသထားပြီး အဆိုပါပန်းပြကွက်များအတွင်း ၃၆၀ ဒီဂရီ မြင်ကွင်းပုံစံဖြင့် ပန်းများကို အနီးကပ်ထိတွေ့ခံစား၍ အလှဓာတ်ပုံများ ရိုက်ကူးနိုင်မည်ဖြစ်သောကြောင့် ပန်းပွဲတော်ကို Immersive Flowers Festival ဟု အမည်ပေးတင်စားထားသည်။

ပန်းပွဲတော်ကာလအတွင်း တေးဂီတဖျော်ဖြေမှုများဖြင့်ပါ တင်ဆက်လျက်ရှိပြီး လွတ်လပ်ရေးနေ့၊ ခရစ္စမတ်နေ့၊ နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့် ဆက်စပ်ရုံးပိတ်ရက်များတွင်လည်း နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတတိုးပွားရရှိစေရန် သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ အသိပညာပေးပြခန်းတစ်ခုကို ပွဲတော်ကာလအတွင်း ဖွင့်လှစ်ပေးထားသည်။ လေ့လာလိုသူများအတွက် ပန်းမျိုးစိတ်များ၊ သဘာဝသစ်ပင်၊ ပန်းပင်များထိန်းသိမ်းထားရှိမှုအပြင် မူရင်းပန်းမျိုးများ၊ စပ်မျိုးပန်းပင်များနှင့် စုဖွဲ့စိုက်ပျိုးခင်းကျင်းပြသထားခြင်း၊ အင်ကြင်းကျောက်ပြတိုက်၊ ရှုံ့နှံ့ဖြတ်လျှောက်တံတား၊ သဘာဝငှက်ဥယျာဉ်နှင့် လိပ်ပြာပြတိုက်တို့ကိုလည်း ပြသထားသည်။

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် (ရုက္ခဗေဒဥယျာဉ်)သည် နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ပြီး မြန်မာနိုင်ငံ၏ အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်ကာ ရေပြင်ဧရိယာ ဧက ၇၀ အပါအဝင် အကျယ်အဝန်း ၄၃၆ ဒသမ ၃၆ ဧကရှိကာ ရုက္ခဗေဒဆိုင်ရာတန်ဖိုးမြင့်မားသည့် သစ်ပင်ပန်းမန်များနှင့် ရေအရင်းအမြစ်တို့ကို ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်၍ ဒေသ၏ အပန်းဖြေလေ့လာရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်။

ပန်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောင်သိန်းပြည့်

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၃

လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ကျင်းပရာ လူငယ် ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးစီး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အခမ်းအနားအား ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည့် လူငယ်များ စုပေါင်းပါဝင်ဆွေးနွေးသည့် ပုံစံမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားကြောင်း၊ ဖိုရမ်အတွက်လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများအား ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကော်မတီအလိုက် မိမိတို့ လုပ်ငန်းတာဝန်များတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဖိုရမ်တွင် လူငယ်များ၏ အသံစုံလင်စွာရရှိရန် စီစဉ်ထားမှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ အနေဖြင့် ပါဝင်ဆွေးနွေးမည့် လူငယ် ကိုယ်စားလှယ်များအား သတ်မှတ်ချက်အလိုက် ရွေးချယ်ပေးစေလိုမှု၊ လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ၏ အရေးပါမှု အခြေအနေ၊ ငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် အစိုးရ အဆက်ဆက် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လက်ရှိနိုင်ငံ၏ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် လူငယ်များ၏အခန်းကဏ္ဍ အရေးပါမှုနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်အား ငြိမ်းချမ်းရေးနှင့် လူမှုအသိုက် အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးသည်ကို ပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊စိတ်သဘောထားများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငြိမ်းချမ်းသော အသိုက်အဝန်းများ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏ လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ် ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များ ပိုမိုခိုင်မာလာစေရန်၊ ရေရှည် တည်တံ့သော ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ လူမှုရေး လုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ် ရေးဆွဲနိုင်ရေး အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏အကြံပြုချက်များ ပေါ်ထွက်လာစေရန်နှင့် လူငယ်ငြိမ်းချမ်းရေး ဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်း၍ အနာဂတ် နိုင်ငံတော် တည်ဆောက်ရေး အတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ် ရေးဆွဲတင်ပြနိုင်ရန်တို့ကို ရည်ရွယ်၍ ကျင်းပ ဆောင်ရွက်မည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးပွဲကဏ္ဍ များအတွက် သီးခြားရွေးချယ်ထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင် လူငယ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ် ကိုယ်စားလှယ်များ၊ မသန်စွမ်း လူငယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်း လူငယ်များ၊ ပရဟိတအသင်းအဖွဲ့များနှင့် NGO လူငယ်ကွန်ရက် အဖွဲ့များမှလူငယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် IDP စခန်းများမှ လူငယ်များအား ဖိတ်ကြားနိုင်ရေး စီစဉ်လျက်ရှိပြီး အုပ်စုအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ အနေဖြင့် အသက် ၁၈ နှစ်မှ ၃၅ နှစ် အတွင်းရှိသည့် လူငယ်ကိုယ်စား လှယ်များအား ဖိတ်ကြားသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

## မဲရုံဖွင့်လှစ်မည့်နေရာများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲကြီးတွင် မဲရုံဖွင့်လှစ်ဆောင် ရွက်မည့်နေရာများအား မန္တလေး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင် ဦးသက်နိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစည်သူ၊ မြို့နယ်တာဝန်ရှိ သူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီခွဲက စတင်၍ ပုသိမ်ကြီးမြို့နယ် တောင်ဘက် အပိုင်းရှိ ကျေးရွာများသို့ ကွင်း ဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



လာမည့် ရွေးကောက်ပွဲ တတိယပိုင်းတွင် ထည့်သွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်း ပျော်ရွှင်စွာ ပါဝင်ဆန္ဒမဲပေးနိုင်ရေး၊ ရပ်ကွက်၊ ကျေးရွာအသီးသီး တို့တွင် မဲပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်း၊ မဲဆန္ဒရှင်စာရင်း တွင် ပါဝင်ခြင်းမရှိပါက လိုအပ်သည့် ပုံစံများဖြင့် ဖြည့်တင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဆန္ဒမဲ ပေးမည့် ပြည်သူများ အေးချမ်းစွာ ပါဝင်နိုင်ရန် မဲရုံဖွင့်လှစ်မည့် နေရာများအား တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ (၀၉၅)

---

## ရွေးကောက်ပွဲလွန် နိုင်ငံ့ဝန်

❖ မငြိမ်းချမ်း၍
စိမ်းလန်းသောမြေ၊ ငါတို့နေလည်း
များထွေဒုက္ခ၊ ပူလောင်စွလျှင်
ဘဝ နုံချာ၊ မသာယာ..။

❖ သယံဇာတ၊ ပေါကြွယ်ဝသည့်
လှပဉ်မြေ၊ ငါတို့နေလည်း
နေသာနေပြား၊ စီးပွားမကြွယ်
မျက်နှာငယ်စွာ၊ နုံချာချာ ..။

❖ ထို့ပြင်တစ်ဝ၊
မြန်မာ့ပြည်တွင်း၊ သွေးသားရင်းတို့
စစ်ခင်းသတ်ဖြတ်၊ အမိုက်ဇာတ်ထဲ
ဝဲလည်နစ်ကာ၊ ကာလကြာ ..။

❖ ရှေ့သို့တိုးရင်း၊ နောက်ဆုတ်ရင်းဖြင့်
အခင်းမလှ၊ သည်ဘဝမှ
" ထ လော့ မြန်မာ .."
" မြန်မာရုန်းထ၊ လုံ့လ ဇွဲမာန်
ထက်သန်တူမျှ၊ ညီညွတ်ကြလော့ .." ။

❖ တိုင်းရင်းသားတို့ ..
အားအင်အထု၊ ပြည်ထောင်စု၏
ပြည်သူ့အရေး၊ နိုင်ငံရေး၌
တွေးခေါ်ယူဆ၊ မတူကြလည်း
မျှတပေါင်းစု၊ ညီညွတ်မှုဖြင့်
ပြည်သူ့တွက်တာ၊ အကျိုးငှာလျှင်
စေတနာဖြူ၊ မေတ္တာတူသော်
အယူဝါဒ၊ သာမညတည့်
ငါက အဖြူ၊ သူက အမည်း
အုပ်စုကွဲက၊ ကျိုးနည်းရာသာ
ဖြစ်တတ်စွာကို၊ ပညာဉာဏ်ဖြင့်
ဆင်ခြင်သင့် ..။

❖ ပြည်သူရွေးချယ်၊ ကိုယ်စားလှယ်တို့
နယ်ပယ်စုစု၊ ကိုယ်စားပြုလျက်
တိုင်းမှုပြည်ရေး၊ မျိုးချစ်သွေးဖြင့်
ရွေးကောက်ပွဲလွန်၊ နိုင်ငံ့ဝန်ကို
အားသွန်ထမ်းရွက်၊ အဘက်ဘက်က
မြန်မာ့လှုဘောင်၊ ကောင်းကျိုးဆောင်ကာ
အောင်မြင်နိုင်ကြပါစေသတည်း...။
ပြည်သူမျှော်မှန်း ပန်းတိုင်ခရီး ...။
အောင်မောင်းအောင်စည် ရိုက်ဆော်ဟည်း..။

မိုးချမ်းမြေ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄**

**ရက်**

**သာ လိုတော့သည်။**

# ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ နေကြာသီးနှံနှင့် ဆီထွက်သီးနှံကဏ္ဍများသို့ အသီးသီးထုတ်ချေးခဲ့ပြီး အချို့မှာ ချေးငွေများ အပြေအကြေ ပြန်လည်ပေးဆပ်နိုင်ခဲ့



နေပြည်တော် ဒီဇင်ဘာ ၂၃

ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၄၆)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံသားပိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော မြန်မာနိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းကြီးများသို့ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်နှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ချေးငွေများ ထုတ်ချေးနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ လွှဲပြောင်းပေးသည့် ကျပ် ၂၁၄ ဒသမ ၀၉၆ ဘီလီယံကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်၌ "ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း" (OA-013830) ကို ဖွင့်လှစ်ထိန်းသိမ်းထားရှိဆောင်ရွက်ခဲ့ကြောင်း၊ ထပ်မံ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၂၃ ခုနှစ် မေ ၃၁ ရက်တွင် ငွေကျပ် ၂၅ ဒသမ ၈၂၁ ဘီလီယံကို ထပ်မံခွဲဝေရရှိခဲ့သဖြင့် စုစုပေါင်းရန်ပုံငွေကျပ် ၂၃၉ ဒသမ ၉၁၇ ဘီလီယံရှိခဲ့ကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းကြီးများသို့ ကိုဗစ်-၁၉ အထူးချေးငွေများ ထုတ်ချေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် "ကိုဗစ်-၁၉ အထူးချေးငွေဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့" ဖွဲ့စည်းခဲ့ပြီး ချေးငွေများ စိစစ်ထုတ်ချေးခဲ့ကြောင်း၊ ယခင် ကိုဗစ်-၁၉ အထူးချေးငွေဦးဆောင်ကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် နောက်ဆုံးကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် လေကြောင်းပို့ဆောင်ရေးကဏ္ဍသို့ ချေးငွေများထုတ်ချေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း။

ယခုအခါ **"ကိုဗစ်-၁၉ အထူးချေးငွေ ဦးဆောင်ကော်မတီနှင့် ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့"** တို့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ နေကြာသီးနှံနှင့်ဆီထွက်သီးနှံကဏ္ဍများသို့ အသီးသီးထုတ်ချေးခဲ့ကြောင်း၊ ယင်းတို့အနက် အချို့ဌာနများမှာ ချေးငွေများ အပြေအကြေ ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်း၊ အချို့လုပ်ငန်းများမှာ ချေးငွေအရင်း၊ အတိုးများကို ပေးဆပ်လျက်ရှိသော်လည်း အချို့လုပ်ငန်းများမှာ ပြန်လည်ပေးဆပ်ရန် သက်တမ်းစေ့ရောက်ခြင်း မရှိသေးကြောင်း၊ သို့ဖြစ်ရာ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှချေးငွေများထုတ်ချေးထားရှိမှု၊ ပြန်လည်ကောက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို သိရှိမှတ်တမ်းတင်နိုင်ရန်နှင့် အကျိုးသက်ရောက်မှု သုံးသပ်ချက် (Impact Analysis) လုပ်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေစာရင်း ထူထောင်ခြင်းနှင့် ချေးငွေအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ချေးငွေထုတ်ချေးမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ခြောက်လတစ်ကြိမ် မှတ်တမ်းတင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင်များက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ ချေးငွေထုတ်ချေးမှုများနှင့် ချေးငွေများအား ပြန်လည်ပေးဆပ်ရန် စေ့ရောက်သည့်အချိန်များတွင် ပြန်လည်ပေးဆပ်နိုင်ရေး ချေးငွေထုတ်ယူထားသော လုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို အကြံပြုသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မြစ်သား ဒီဇင်ဘာ ၂၃**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တတိယအကြိမ် ကပ်ထားကြေညာခြင်းမပြုမီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



ထိုသို့ တိုက်ဆိုင်စစ်ဆေးရာတွင် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများကြေညာပြီးနောက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှုနှင့်ကန့်ကွက်မှုများအား စိစစ်ပြင်ဆင်ပြီး မဲဆန္ဒရှင်စာရင်း တတိယအကြိမ်ကို သက်ဆိုင်ရာရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများတွင် နောက်ဆုံးအကြိမ် ကပ်ထားကြေညာမည်ဖြစ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ ရပ်၊ ကျေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အဖွဲ့များက ပူးပေါင်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ စာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးလျက်ရှိသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးနေမှုအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က ပေါင်းစပ်ညှိနှိုင်း၍ မြစ်သားမြို့နယ် ရွေးကောက်ပွဲဆောင်ရွက်ခြင်း အပိုင်း ၃ တွင် ပါဝင်ပြီး ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေးပြည့်ဝစွာ ရရှိစေရေးအတွက် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပြီးတွင် သက်ဆိုင်ရာ ရပ်၊ ကျေးအုပ်ချုပ်မှူးများက မဲဆန္ဒရှင်စာရင်းများစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဝင်းမင်းထွန်း(မြန်/ဆက်)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သားဖွားသင်တန်းကျောင်း-မန္တလေးတွင် ကျင်းပသည့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၂၃**

ချမ်းအေးသာစံမြို့နယ်ရှိ သားဖွားသင်တန်းကျောင်း-မန္တလေးတွင် ဘက်စုံသားဖွား ဒီပလိုမာ(၂)နှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ သူနာပြုသင်တန်းကျောင်းအုပ်ကြီး၊ ဆေးရုံအုပ်ကြီးများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။






အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားရာတွင်နိုင်ငံတော်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်အရည်အသွေးပြည့်ဝသော သားဖွားဆရာမများ မွေးထုတ်ပေးနိုင်ရေးကို အလေးထားကာ စီမံဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ကဏ္ဍများတွင် မိခင်နှင့်ကလေးများအတွက် ပထမဦးဆုံး စောင့်ရှောက်မှုပေးသည့်သားဖွားဆရာမများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်ပြီး မှန်ကန်သည့်ခံယူချက်ရှိသော နိုင်ငံ့ဝန်ထမ်းကောင်းသားဖွားဆရာမ များစွာလိုအပ်ပါကြောင်း၊ (၂)နှစ်တာကာလအတွင်း ကြိုးစားအားထုတ်သင်ယူခဲ့သည့် အသိပညာ၊ အတတ်ပညာများကို တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင်၊ ပြည်သူများအား ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးရှိသော သူနာပြုစုမှုပညာများဖြင့် ပြုစုစောင့်ရှောက်မှုပေးပြီး အားကိုးယုံကြည်ထိုက်သော သားဖွားဆရာမများဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း၊ မွန်မြတ်သောအလုပ်ဖြစ်၍ စေတနာအရင်းခံပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြုမူဆက်ဆံသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သားဖွားသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က သင်တန်းဆင်းအမှာစကားနှင့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားတို့ကို ပြောကြားခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဘွဲ့လက်မှတ်ရရှိသူများနှင့် တက်ရောက်လာသည့် မိဘဆွေမျိုးများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဘွဲ့လက်မှတ် အပ်နှင်းပွဲအခမ်းအနား အစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပခဲ့ပြီး သားဖွားသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က ဘက်စုံသားဖွား(ဒီပလိုမာ)ဘွဲ့လက်မှတ်များကို သင်တန်းသူ ၉၅ ဦးအား အပ်နှင်းခဲ့ကြောင်းနှင့် ယနေ့အချိန်အထိ သားဖွားသင်တန်းကျောင်း-မန္တလေးမှ ဘက်စုံသားဖွားဆရာမ ပေါင်း ၃၈၅၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံများရောင်းချခြင်း အောင်မြင်စွာ ပြီးစီး

ကလော ဒီဇင်ဘာ ၂၃

ကလောမြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်နှင့် သားသတ်လုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကလောမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ အထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်များ၊ လေလံရောင်းချရေးကြီးကြပ်မှု အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကလောမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က လေလံရောင်းချခြင်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးခဲ့သည်။



လေလံရောင်းချပွဲတွင် အရပ်ရပ်လုပ်ငန်းလိုင်စင်(၂၄)ခု၊ သားသတ်လုပ်ငန်းလိုင်စင်(၁၇)ခု၊ စုစုပေါင်းလုပ်ငန်း (၄၁)ခုတို့အား ရောင်းချခဲ့ရာ ကြမ်းခင်းဈေး ၁၈၅၁၇ သိန်းအပေါ်မှ ၂၃၃၉၇ သိန်းတို့ တိုးမြှင့်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

## ရွေးကောက်ပွဲအတွက် တတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာ

**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ယနေ့နံနက် ၇ နာရီက စတင်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်လူမှုဝန်ထမ်းရုံးနှင့်သရက် မူလတန်းကြိုကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးအား ယနေ့နံနက် ၁၀နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့်တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးနှင့် ဓာတ်တိုက်လေ့ကျင့်မှုများ အသိပညာပေးဆောင်ရွက်စဉ်။ (ကဆ)

အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာပေးသွားမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှုအား မဲဆန္ဒရှင်ပြည်သူများမှ လာရောက်ကြည့်ရှုမှုအပေါ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူး ထွန်းခံဖြူ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများမှ လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်(ချမ်းစည်ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ချမ်းအေးသာစံမြို့နယ်အတွင်း ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်များစာရင်းကပ်ထားကြေညာထားရှိမှုနှင့် လာရောက်ကြည့်ရှုနေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု၊ ကဥ္စနမဟီရပ်ကွက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားမှုအား လာရောက်ကြည့်ရှုနေမှု၊ ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းတွင် မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲလာရောက်ပေးကြသူများ အဆင်ပြေချောမွေ့စေရေး အလေးထားဆောင်ရွက်သွားရန်နှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် အထူးဂရုစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲပေးနိုင်ပြီဖြစ်၍ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀





## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် ဒီဇင်ဘာလူထုအားကစားလ အားကစားပြိုင်ပွဲများနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ စတင်၍ အားကစားနည်းမျိုးစုံပြိုင်ပွဲများကို ရွှေဘိုမြို့၊ ရန်ကြီးအောင်အားကစားကွင်းတွင် ကျင်းပလျက်ရှိသည်။



အဆိုပါ အားကစားပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက ပါဝင်ကာ စက်ဘီးစီး၊ အပြေးပြိုင်၊ ချောတိုင်တက်၊ မုန့်စား၊ လွန်ဆွဲ၊ ထုပ်ဆီးတိုး၊ ခေါင်းအုံးရိုက်၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ စသည့် အားကစားနည်းမျိုးစုံပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ (ဝဲပုံ)

ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက်၌ ကျရောက်မည့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကောက်ရိုးထုံးစက်နှင့် ရိုးဖြတ်ရိတ်စက် အသုံးပြု၍ တောင်သူအကျိုးပြုလုပ်ငန်း သရုပ်ပြဆောင်ရွက်

**အောင်လံ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ မိုးကောင်းကျေးရွာရှိ တောင်သူ ဦးကျော်စွာဝင်း၏ ဦးပိုင်အမှတ်(၁၉)၊ ကွင်းအမှတ်(၈၇/၈၂)၊ လယ်မြေသုံးဧကတွင် ယမန်နေ့က အောင်လံမြို့နယ်၊ စက်မှုလယ်ယာဦးစီးဌာနက ကောက်ရိုးထုံးစက် (Round Baler)နှင့် ရိုးဖြတ်ရိတ်စက် (Rotary Mulcher)များ အသုံးပြု၍ တောင်သူအကျိုးပြုလုပ်ငန်းများ သရုပ်ပြပွဲကို ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးရဲနိုင်ထွန်းက အဆိုပါစက်များ အသုံးပြုခြင်းဖြင့် တောင်သူများ လယ်ကွင်းအတွင်းရှိ ကောက်ရိုးများအား (Round Baler)ကို အသုံးပြု၍ သိမ်းဆည်းနိုင် သဖြင့် အလွယ်တကူ မြေပြုပြင်နိုင်ခြင်း၊ ကောက်ရိုးများကို အထုံးများ ပြုလုပ်နိုင်ခြင်းကြောင့် တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သယ်ယူနိုင်ခြင်း၊ ကောက်ရိုးထုံးများကို အဆင့်ဆင့်ထပ်၍ ဂိုထောင်အတွင်း အများအပြားသိုလှောင်သိမ်းဆည်းနိုင်ခြင်း၊ တိရစ္ဆာန်အစာအတွက် မိမိလိုအပ်သောအချိန်တွင် အလွယ်တကူ ထုတ်ယူအသုံးပြုနိုင်ခြင်း၊ (Rotary Mulcher)ကို အသုံးပြုခြင်းဖြင့် မြေသားထဲတွင် အစိုဓာတ်ထိန်းသိမ်းပေးခြင်း၊ မြေတစ်ခုတည်းကို ထိန်းသိမ်းပေးခြင်း၊ အပင်ဆေးတင်မှု တိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ နှင့် ဖိတ်ကြားထားသောတောင် သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

အာကာ(ပြန်/ဆက်)



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အမရပူရမြို့နယ် မျိုးညွန့်ဘော်လီဘောကွင်းတွင် ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၃**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်ရှိ မျိုးညွန့်ဘော်လီဘောကလပ် အားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားအသင်းများအနေဖြင့် ဒီဇင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဖုန်း ၀၉-၂၀၀၃၃၃၈ နှင့် ၀၉-၂၆၆၆၆၉၅၀၆ သို့ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ပြိုင်ပွဲဝင်အသင်းများတွင် မြန်မာ့လက်ရွေးစင်နှင့် တိုင်းလက်ရွေးစင်တစ်ဦးစီ ခေါ်ယူပါဝင်ခွင့်ပြုထားပြီး ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ်နှစ်သိန်း ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

(၀၄၀)

## မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေး

**နမ့်စန် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများအား ဆိုင်ကယ်စီးဦးထုပ် ဆောင်း၍ မောင်းနှင်ခြင်း ရှိ၊ မရှိ ကို သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၂)ရပ်ကွက် မြို့နယ်ခန်းမရှေ့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှောင်တခင် စစ်ဆေးဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်း ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့က ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သွားလာနေကြသော မော်တော်ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ရှေ့၊ နောက်မဆောင်းဘဲ ယာဉ်မောင်းနှင်စီးနင်းသူများကို သတိပေးပြောကြား၍ ဦးထုပ်မပါသူများကို ဆိုင်ကယ်စီးဦးထုပ်များ ပြန်လည်ယူဆောင်စေခြင်း၊ ဝယ်ယူစေခြင်းစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်မှုကို အပတ်စဉ် နေရာအလိုက် ပြုလုပ်သွားမည်ဖြစ်ပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်သူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့စုံဖြင့် ရှောင်တခင် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**



## မဲရုံများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မကွေး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလတွင် မီးလောင်မှုမဖြစ်ပွားစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မဲရုံများနှင့် မဲရုံပတ်ဝန်းကျင်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ နယ်မြေမီးသတ်စခန်းမှတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင်များတွင် တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်မီး အသုံးပြုမှုများ စနစ်တကျ ရှိ၊ မရှိ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့အား စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုသူ အမျိုးသမီးနှစ်ဦးအား ဖမ်းဆီးအရေးယူ

**မော်လမြိုင် ဒီဇင်ဘာ ၂၃**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသမီး နှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။ (အပေါ်ပုံ)

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မော်လမြိုင်မြို့နယ်၊ ကျိုက်မနဲ ရပ်ကွက်နေ နွေးနွေးထိုက်(၄၀)နှစ်ဆိုသူ၏ ဈေးဆိုင်တွင် နှစ်လုံး၊ သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ မော်လမြိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဈေးဆိုင်အတွင်း၌ နွေးနွေးထိုက်နှင့် တစ်ရပ်ကွက်တည်းနေ တင်မိုးခိုင်(၄၈)နှစ်ဆိုသူတို့ နှစ်ဦးအား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နွေးနွေးထိုက်(ပါ) နှစ်ဦးအား မော်လမြိုင် မြို့မရဲစခန်းတွင် လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**ပဲခူး ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ပဲခူးမြို့နယ်၊ ဘောနတ်ကြီးကျေးရွာ၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ် ၃၂ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနတ်ကြီးအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ မန္တလေးသို့ ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာနေ မင်းဇော်မင်းဦး (၂၇)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA HIACE ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ စီယာတိုင် လှည့်မရတော့ဘဲ လမ်းယာဘက်ရှိ ကွန်ကရစ်ဘလောက်တုံးနှင့် “Exit” လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်တို့အား ဝင်ရောက်တိုက်မိခဲ့သဖြင့် မင်းဇော်မင်းဦးဆိုသူအား ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၁၅)အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်လမ်းရှင်းလင်းရေး ဆောင်ရွက်နေစဉ် မန္တလေးမြို့မှ ရွှေဘိုမြို့ဘက်သို့ တံတားဦးမြို့နယ်၊ လက်ဦးကုန်းကျေးရွာနေ အောင်မြင့်မြတ်(၂၃)နှစ် ဆိုသူ မောင်းနှင်လာသည့် NISSAN AD VAN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်မြင့်မြတ် ဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းတွင် ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား

**ပျော်ဘွယ် ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ နေပြည်တော်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၂၆၄ မိုင် ၅ ဖာလုံ၌ ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီခန့်က နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်းကျော်မင်း (၄၇)နှစ်ဆိုသူ မောင်းနှင်လာသော ယာဉ်အမှတ် LIGHT TRUCK အမျိုးအစား အဖြူရောင်မော်တော်ယာဉ်သည် တရားဝင်လမ်းဖြတ်မှုမဟုတ်ဘဲ မန္တလေး-နေပြည်တော်ဘက်ခြမ်းသို့ ရုတ်တရက် ချိုးကွေ့စဉ် လားရာတူလမ်းအတိုင်း အမြန်ယာဉ်ကြောဘက်မှ ယာဉ်မောင်း ဦးညီညီဦး (၄၅)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA ALPHARD အမျိုးအစား အဖြူရောင်မော်တော်ယာဉ်၏ ယာဘက်ကိုယ်ထည်အား ဝင်တိုက်မိရာ TOYOTA ALPHARD ယာဉ်သည် လမ်းလယ်ကျွန်းတွင်ကာရံထားသည့် ဘယ်ရီယာတုံးအား ထပ်ဆင့်ဝင်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပေပင်လေး အမြန်လမ်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပြီးစီးခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ ယာဉ်တိုက်မှုကြောင့် လမ်းလယ်ကျွန်းရှိ ဘယ်ရီယာတုံး သုံးတုံး၊ LIGHT TRUCK ယာဉ်၏ ဦးခေါင်းရှေ့ဘန်ဘာ ပိန်ချိုင့်၊ TOYOTA ALPHARD ယာဉ်၏ ရှေ့ဦးခေါင်းပိုင်းကြေမွ၊ ကိုယ်ထည်ယာဘက်ခြမ်း ပိန်ချိုင့်၊ ယာဘက်လေကာမှန်ကွဲ၊ ရှေ့လေကာမှန်ကွဲ ပျက်စီးဆုံးရှုံးခဲ့ပြီး TOYOTA ALPHARD ယာဉ်ပေါ်ပါ ယာဉ်မောင်း အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦးအနက် အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့ ရရှိခဲ့သဖြင့် ယာဉ်မောင်းကျော်မင်းဆိုသူအား ပေပင်လေး အမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# နိုင်ငံတကာ အားကစား သတင်းများ

## ဘွန်ဒက်လီဂါတွင် ဂိုးပါဝင်ပတ်သက်မှု (၁၀၀)အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် ဟယ်ရီကိန်း မှတ်တမ်းဝင်

**မြူးနစ် ဒီဇင်ဘာ ၂၃**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါတွင် ဂိုးပါဝင်ပတ်သက်မှု (၁၀၀)အမြန်ဆုံး ပြည့်မြောက်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘိုင်ယန်မြူးနစ်အသင်းက ဟိုက်ဒန်ဟိမ်းအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါ ပွဲစဉ် ၇၈ပွဲ ကစားကာ သွင်းဂိုး ၈၁ ဂိုး၊ ဂိုးဖန်တီးမှု (၁၉)ကြိမ်ပြုလုပ်ကာ ဂိုးပါဝင်ပတ်သက်မှု (၁၀၀) အမြန်ဆုံး ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ)

(NGB)




## ကူဆာနော့ဗ်အား အငှားဖြင့်ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဒီဇင်ဘာ ၂၃**

ရီးရဲလ်မက်ဒရစ်အသင်းသည် မန်စီးတီးအသင်း နောက်ခံကစားသမား ကူဆာနော့ဗ်အား အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉ပွဲကစားကာ တစ်ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက အငှားဖြင့် ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



မန်စီးတီးအသင်းကလည်း ကူဆာနော့ဗ်အား အတွေ့အကြုံသစ်များ ရရှိရန်အတွက် အငှားချသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ကူဆာနော့ဗ်အား အငှားဖြင့် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* ဝက်စ်ဟမ်းအသင်းသည် ဝုဖ်အသင်းတိုက်စစ်မှူး လာဆင်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အက်စတွန်ဗီလာအသင်းသည် မန်ယူအသင်းမှ အငှားခေါ်ယူထားသည့် တောင်ပံကစားသမား ဆန်ချိုအား အငှားဖြင့် ဆက်လက်ခေါ်ယူရန် စီစဉ်သွားမည်ဖြစ်သည်။

(NGB)



## ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို နာပိုလီအသင်း ဆွတ်ခူး

**တူရင် ဒီဇင်ဘာ ၂၃**

ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နာပိုလီအသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နာပိုလီအသင်းက ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

နာပိုလီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၉ မိနစ်နှင့် ၅၇မိနစ်တွင် နေရိစ် တစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

နာပိုလီအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို သုံးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့သည်။

နာပိုလီအသင်းထုတ်ပြန်ချက်တွင် "ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## စတီဗင်ကူလ်ကာ ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် ဒီဇင်ဘာ ၂၃**

အင်္ဂလန်လက်ရွေးစင်အသင်းနှင့် စပါးအသင်း နောက်ခံကစားဟောင်း စတီဗင်ကူလ်ကာသည် ဘောလုံးကစားသမားဘဝမှ အနားယူသွားခဲ့ပြီဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ ဆွမ်ဆီး၊ ကျူပီအာ၊ ဖီနာဘာချီ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။ (အောက်ပုံ)

အသက်(၃၃)နှစ်အရွယ်ရှိ စတီဗင်ကူလ်ကာက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူခဲ့ပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (NGB)



## နည်းပြ အန်နရီကေးကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ပီအက်စ်ဂျီအသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၂၃**

ပီအက်စ်ဂျီအသင်းသည် အသင်းနည်းပြ အန်နရီကေးကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အဆိုပါ နည်းပြသည် ပီအက်စ်ဂျီအသင်းကို ၂၀၂၅ခုနှစ်အတွင်း ဆုဖလားခြောက်လုံးအထိ ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အန်နရီကေးသည် ပီအက်စ်ဂျီအသင်းကို ၂၀၂၃ခုနှစ် ဇူလိုင် ၅ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၄၃ပွဲတွင် ၉၈ပွဲနိုင်၊ ၂၆ ပွဲသရေ၊ ၁၉ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ပီအက်စ်ဂျီအသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ အန်နရီကေးကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ဦးပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## ဘာကီအိုဇာကို ခေါ်ယူရန် အေစီမီလန်အသင်း စီစဉ်

**မီလန် ဒီဇင်ဘာ ၂၃**

အေစီမီလန်အသင်းသည် လိုင်လီအသင်း ဂိုးသမား ဘာကီအိုဇာကို ခေါ်ယူရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမားသည် လိုင်လီအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၂၀ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




လိုင်လီအသင်းကလည်း ဂိုးသမား ဘာကီအိုဇာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လိုင်လီအသင်းထံမှ ဘာကီအိုဇာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## အီဆက်ခ် ဒူးဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၃**

လီဗာပူးအသင်းတိုက်စစ်မှူး အီဆက်ခ်သည် ဒူးဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက စပါးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဆက်ခ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဆက်ခ်သည် လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၆ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ) (NGB)



## မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ၃း၃၀နာရီ | (၂)ရန်ကုန် - ရှမ်းယူနိုက်တက်... ဧရာဝတီ(၇)<br>(L,W,W,W,W) - (W,L,D,W,L) | ရန်ကုန် ၄-၁ ဧရာဝတီ<br>ဧရာဝတီ ၀-၄ ရန်ကုန် |
| ။ | ညနေ၄း၀၀နာရီ | (၈)သစ္စာအားမာန် - ရှမ်း(၁)<br>(W,W,L,L,D) - (W,W,W,W,W) | သစ္စာအားမာန် ၁-၄ ရှမ်း<br>ရှမ်း ၃-၁ သစ္စာအားမာန် |

## အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၂၄-၁၂-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ည၇း၀၀နာရီ | E | ဘာကီနာဖာဆို - အီကွေတာဂီနီ | အီကွေတာဂီနီ ၀-၀ ဘာကီနာဖာဆို |
| ။ | ည၉း၃၀နာရီ | E | အယ်လ်ဂျီးရီးယား - ဆူဒန် | အယ်လ်ဂျီးရီးယား ၀-၀ ဆူဒန် |
| ၂၅-၁၂-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၀း၀၀နာရီ | F | အိုင်ဗရီကို့စ် - မိုဇမ်ဘစ် | အိုင်ဗရီကို့စ် ၃-၀ မိုဇမ်ဘစ် |
| ။ | နံနက်၀၂း၃၀နာရီ | F | ကင်မရွန်း - ဂါဘွန် | ကင်မရွန်း ၀-၀ ဂါဘွန် |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လွန်ဆွဲပြိုင်ပွဲ ဗိုလ်လုပွဲများ ယှဉ်ပြိုင်ခြင်းနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ကြီးမှူးကျင်းပသည့် လွန်ဆွဲပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး) တတိယနေ့ရာလုပွဲနှင့် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)လေ့ကျင့်ရေးကွင်းမြက်ခင်းပြင်၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေးသည်။

လွန်ဆွဲပြိုင်ပွဲ ကျင်းပရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းနှင့်ဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းဝန်ထမ်းများ၊ အား/ကာသိပ္ပံ(မန္တလေး)မှ အမှတ်ပေးဒိုင်လူကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ လွန်ဆွဲအားကစားပြိုင်ပွဲ(အမျိုးသမီး)တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ၊ (အမျိုးသား) တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ အားပေးသူပရိသတ်များ၏ ပျော်ရွှင်စွာ တစ်ခဲနက်အားပေးသံများဖြင့် စည်ကားလျက်ရှိပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ (အမျိုးသမီး)လွန်ဆွဲပြိုင်ပွဲတွင် တတိယဆုရရှိသော အဆောက်အအုံနှင့် ကုန်ရုံဌာနအသင်းအား ကော်မတီဝင်(၂)က လည်းကောင်း၊ ဒုတိယဆုရရှိသော စက်ရုံနှင့်မော်တော်ယာဉ်ဌာနအသင်းအား တွဲဖက်အတွင်းရေးမှူးက လည်းကောင်း၊ (အမျိုးသား)လွန်ဆွဲပြိုင်ပွဲတွင် တတိယဆုရရှိသော စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ခ)အသင်းအား ကော်မတီဝင်(၁)က လည်းကောင်း၊ ဒုတိယဆုရရှိသော ဈေးနှင့်သားသတ်ဌာနအသင်းအား အတွင်းရေးမှူးက လည်းကောင်း အသီးသီးဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ မြို့တော်ဝန်က (အမျိုးသမီး)လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ပန်းဥယျာဉ်နှင့်



ကစားကွင်းများဌာနအသင်းနှင့် (အမျိုးသား)လွန်ဆွဲပြိုင်ပွဲတွင် ပထမဆုရရှိသော စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က)အသင်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီးနောက် ဆုရပြိုင်ပွဲဝင်အသင်းများနှင့် အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မြစ်သားမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၁၈၈၈ ဧကထိ လျာထားစိုက်ပျိုး

**မြစ်သား ဒီဇင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းသီးနှံနေကြာ ၁၈၈၈ ဧက လျာထားစိုက်ပျိုးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြစ်သားမြို့နယ်အတွင်း စားသုံးဆီဖူလုံပို့လျှံရေး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ၊ နေကြာ စသည့် ဆောင်းရာသီ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ ကျေးလက်နေတောင်သူများအနေဖြင့် ဆောင်းသီးနှံနေကြာ ၁၈၈၈ ဧက စိုက်ပျိုးခြင်းကို အောက်တိုဘာပထမပတ်က စတင်စိုက်ပျိုးပြီး နေကြာတစ်မျိုးတည်း သီးသန့် တန်းခြား နှစ်ပေ၊ ပင်ကြား ကိုးလက်မဖြင့် စိုက်ပျိုးကြောင်း သိရသည်။

ဆောင်းသီးနှံနေကြာစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းများ တိုးတက်စေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင်နှင့် နေကြာသီးနှံစိုက်ပျိုးခြင်းကို သီးသန့်စိုက်ပျိုးကြသလို အခြားသီးနှံများနဲ့ရောနှောကာ သီးညှပ်စိုက်ပျိုး ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

၀-၀-၀-၀-၀

# ဒီဇင်ဘာလူထုအားကစားလ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

**အောင်လံ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အောင်လံမြို့ အောင်မြေရွှေဝါဘောလုံးကွင်း၌ ကျင်းပသည်။

ဒီဇင်ဘာလူထုအားကစားလ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် Aung Lan Soccer အသင်းနှင့် Phoung Phoung အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ဒီဇင်ဘာလူထုအားကစားလ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ပြိုင်ပွဲဝင်အသင်း ငါးသင်း ယှဉ်ပြိုင်ခဲ့ပြီး ဗိုလ်လုပွဲတွင် Aung Lan Soccer အသင်းက Phoung Phoung အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။




ထို့နောက် ပထမဆုရရှိသော Aung Lan Soccer အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသော Phoung Phoung အသင်းအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဖြိုးဝေဇော်မှ တစ်ဦးချင်းတံဆိပ်များနှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

အာကာ(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ




# ရတနာပုံတက္ကသိုလ် အဝေးသင်-သင်တန်း (၂၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၃**

ရတနာပုံတက္ကသိုလ် အဝေးသင်-သင်တန်း၏ (၂၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)၊ မော်ကွန်းထိန်း(ကျောင်းသားရေးရာဌာန)၊ ဌာနခွဲမှူး(အဝေးသင်-သင်တန်း)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရွှေးဦးစွာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့ အသီးသီးအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များ အပ်နှင်းပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်း မြွက်ကြားသည်။

အဆိုပါ အဝေးသင်-သင်တန်း၏ (၂၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကို အစမ်းလေ့ကျင့်ရက် အပါအဝင် ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ အပိုင်း ၆ ပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၂၅၇၆ ဦး၊ အဝေးရောက်ဘွဲ့ ၅၆၉ ဦး စုစုပေါင်း ၃၁၄၅ ဦးကို ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၂)

# မြေနိမ့်ဒေသစိုက် Robusta ကော်ဖီဖြစ်ထွန်းအောင်မြင်နေမှု ကွင်းဆင်းကြည့်ရှု

**မိုင်းယောင်း ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ဝမ်မန်းအုပ်စု၊ ဝမ်ကော်လုံးကျေးရွာ၌ မြေနိမ့်ဒေသစိုက် Robusta ကော်ဖီ ငါးဧက စမ်းသပ် စိုက်ပျိုးရာ ယခုအခါ ဖြစ်ထွန်းအောင်မြင်နေကြောင်း သိရသည်။

ထိုသို့ ဖြစ်ထွန်းအောင်မြင်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုး၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အမှတ်(၁)ရပ်ကွက်ရှိ အသက်(၇၅)နှစ် အဘွားတစ်ဦးအား ကျန်းမာရေးထောက်ပံ့ငွေပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၅၀၅)



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ ။

# ပဲစင်းငုံ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံပေါ်ချိန် ဈေးကောင်းရရှိရေး မျှော်လင့်

**ကျွန်းလှ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံသီးနှံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးရာသီ စိုက်ပျိုးသော ပဲစင်းငုံ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံပေါ်ချိန် ဈေးကောင်းရရှိရေး မျှော်လင့်နေကြကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို မြေပဲ၊ အစေ့ထုတ်ပြောင်းတို့နဲ့ သီးညှပ်လည်း စိုက်ပျိုးကြပါတယ်။ အခုအခါ ပဲစင်းငုံစိုက်ခင်းတွေမှာ အသီးအပွင့်တွေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ အရင်နှစ်သီးနှံပေါ်ချိန် ပဲစင်းငုံတစ်တင်း ငွေကျပ် ၈၀၀၀၀ ကျော်ဈေးရောင်းရပြီး ဒီနှစ်သီးနှံပေါ်ချိန်ဈေးကောင်းရရှိရေး မျှော်လင့်နေရပါတယ်"ဟု မန်ကျည်းအင်းကျေးရွာ ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် ဈေးကွက်ဝင်အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ ပဲမျိုးစုံ ၁၆၉၆၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ၁၉၈၀၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၈၀)



# မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

စစ်ကိုင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရဆန်ပြုတ်များ တိုက်ကျွေးခြင်းနှင့် စားသုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းများကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာ၊ ဆရာမများက သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ အာဟာရဆန်ပြုတ်များ တိုက်ကျွေးခြင်းနှင့် စားသုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်ဇနီး၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

နေလင်းအောင်(ပြန်/ဆက်)

# နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**လဲချား ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်ရှိ ပင်စင်စားနိုင်ငံ့ဝန်ထမ်း အငြိမ်းစားမိဘပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၈ နာရီမှစတင်၍ မြန်မာ့စီးပွားရေးဘဏ်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၏လမ်းညွှန်မှုဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စား မိဘပြည်သူများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုတိုင်းတာစစ်ဆေးပေးခြင်းနှင့်အတူ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့သည်။

(အငြိမ်းစား)ပင်စင်စား မိဘများအနေဖြင့် မိမိတို့အဆင်ပြေသည့်နေ့တွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသော ရုံးပိတ်ရက်များမှအပ လစဉ် ၂၁ ရက်မှ နောက်လ ၂၀ ရက်အထိ လာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

* စာမျက်နှာ ၂၄ မှ

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၂၅.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၄ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၅ | ၂၈.၁၂.၂၀၂၅ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၆ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၇ | ။ | လေအိတ် အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |
| ၈ | ။ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |

အထက်ပါနေ့ရက်များအလိုက် အထူးရထားများအပြင် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများတွင်လည်း ဝန်ချိန်ပြည့်တွဲဆိုင်းများ ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ရထားလက်မှတ်ခ နှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို ၃ ရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို ၁ ရက် ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ရထားများအတွက် ကြိုတင်လက်မှတ်များ ရောင်းချရာတွင် ၅ ရက် ကြိုတင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၉-၈၈၀၉၄၂၆၀၀ (နေပြည်တော်)၊ ၀၉-၈၈၀၉၄၂၆၀၁ (ပျဉ်းမနား)၊ ၀၉-၈၈၀၉၄၂၆၀၈(ရန်ကုန်) တို့အား ကြိုတင်Booking ပြုလုပ်၍ MMQR Code ဖြင့် အသုံးပြုကာ ငွေပေးချေခြင်း၊ တန်းစီခရီးသည်များလက်မှတ်ဝယ်ယူရာတွင်လည်း လက်မှတ်ခကို ငွေသားအပြင် MMQR Code အသုံးပြု၍ ငွေပေးချေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

**ပန်းမန်**
**သစ်ပင်**
**လေသန့်စင်၍**
**ဥယျာဉ်**
**တောတန်း**
**စိတ်ရွှင်လန်း**
**၏ ။**

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး မြဝတီမြို့နှင့် အနီးတစ်ဝိုက်ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ် နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၉၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံ ဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ် အဆောက်အအုံ ၄၁ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက် နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေ စစ်ဆေးပြီးစီးသည့် အဆောက်အအုံ ၄၆၄ လုံးအနက် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း(၃)အား ဖောက်ခွဲဖျက်ဆီးခဲ့မှု။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄)ထပ်လူနေ အဆောက်အအုံ။

## ရှာငံမြို့နယ်၌ ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



တရားခံ သန်းစိုးဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

ရှာငံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် သန်းစိုးဝင်း (၄၂)နှစ်၊ သာပေါင်းကျေးရွာ နွားထိုးကြီးမြို့နယ်နေသူ မောင်းနှင်လာသော HYUNDAI PORTER ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀) သိမ်းဆည်းရမိသဖြင့် သန်းစိုးဝင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်(ဝမ်မိုင်) ရှိ လေးဒေ(၁၉)နှစ် ငှားရမ်းနေထိုင်သည့် နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လီလှ(၁၉)နှစ် ကောင်းကိုင်ကျေးရွာ ကတ်ထိုက် ကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နှင့် ငြိမ်းချမ်း(၁၇)နှစ်ကို ဖော်ကျေးရွာ၊ နားယောင်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၄၅ သိန်း) သိမ်းဆည်းရမိသဖြင့် လေးဒေ၊ လီလှနှင့် ငြိမ်းချမ်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နမ့်စန် ဒီဇင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အလံတင် အခမ်းအနား သဝဏ်လွှာဖတ်ပွဲ အခမ်းအနားနှင့် အားကစားပြိုင်ပွဲများကို အနှစ်သာရရှိရှိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးတက်ရောက်လာသော တာဝန်ရှိသူအဆင့်ဆင့်က အခမ်းအနား ကျင်းပမည့်နေ့ရက်၊ အချိန်၊ အခမ်းအနား ပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ဆုံးဖြတ်ချက်အရ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနား၊ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားတို့ကို မြို့နယ်ကျောက်တိုင်အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲ ရွှင်ပွဲ အားကစားပြိုင်ပွဲ အမျိုးအစား ၂၀ ခန့် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၃

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုံခြုံရေးနေရာချဆောင်ရွက်မှုများ၊ တတိယအကြိမ် မဲစာရင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ချက်များ၊ ဆန္ဒမဲပေးမှုသရုပ်ပြဆောင်ရွက်ချက်များနှင့် ဆန္ဒမဲပေးသူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေးအတွက် မဲရုံခင်းကျင်းထားရှိမှုများ၊ မဲရုံပတ်ဝန်းကျင်သန့်ရှင်းရေး၊ မီးဘေးလုံခြုံရေးတို့ကို မိမိတို့တာဝန်ကျသည့် ရပ်ကွက်အလိုက် တာဝန်ယူဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် ရပ်ကွက်အလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)အလင်းသစ်**







## သရက်မြို့၌ စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးတို့က Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းဆိုလိုရင်းအကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်မယ့် လုပ်ငန်းရှင်အနေနဲ့ အာမခံချက်ရှိတဲ့ ဘာဖြစ်မလဲနှင့် မှတ်ပုံတင်လျှောက်ထားရာ ကိုက်ညီရမည့် အချက်အလက်များ၊ မှတ်ပုံတင်လျှောက်ထားရာတွင်လည်း ပူးတွဲတင်ပြရမည့်အချက်အလက်များ၊ မှတ်ပုံတင်ရရှိပြီး အွန်လိုင်းရောင်းချသူ၏ ရရှိမည့် အခွင့်အရေးများအကြောင်းတို့ စုံလင်စွာဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## ပေါင်းစုအားအင်၊ မန်းစည်ပင်

---

* ပန်းတွေလည်း ဝေဆာ
လမ်းတွေလည်း သာယာလို့
မြို့မန္တလာ လှပုံများကို
ဖန်တီးကာထား ။

* အမှိုက်လည်း ကင်းစင်
မြောင်းရေလည်း ကြည်လင်လို့
စက်ယာဉ်နဲ့ လူအင်အား
ပေါင်းစပ်လျက်သား ။

* သောက်ရေနှင့် သုံးရေ
များပြည်သူ ဖူလုံစေဖို့
မြေအောက်နှင့် မြစ်ရေများ
ဖြန့်ဝေကာထား ။

* ဝန်ဆောင်မှုအထွေထွေ
စိတ်ချမ်းသာနေစေဖို့
မြို့တော်နေပြည်သူများအတွက်
နေ့ညကြိုးစား ။

* စည်ပင်သာယာ
ညီညာတဲ့အင်အား
မြို့ဂုဏ်အင်တင့်တယ်သွားအောင်
ပေါင်းစုလှုပ်ရှား ။ ။

ဦးခေ



# ဗီယက်နမ်နိုင်ငံရှိ ထုတ်ကုန်များအား ထုတ်လုပ်မှုရင်းမြစ် ခြေရာခံသည့်စနစ် စတင်ဆောင်ရွက်

**ဟနွိုင်း ဒီဇင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံရှိ ထုတ်ကုန်များအား ထုတ်လုပ်မှုရင်းမြစ် ခြေရာခံသည့်စနစ်ကို ဒီဇင်ဘာ ၂၃ ရက်က တရားဝင်စတင် ဆောင်ရွက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဈေးကွက်ဆိုင်ရာ ပွင့်လင်းမြင်သာရှိမှုနှင့် စားသုံးသူကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗီယက်နမ်အသံလွှင့်ဌာန ဗွိုက်စ် အော့ဖ် ဗီယက်နမ်၏ သတင်းအရ သိရသည်။ ယင်းစနစ်အရ ကုန်ပစ္စည်း ဝယ်ယူသူများအနေဖြင့် ထုတ်ကုန်၏ စစ်မှန်မှုကို ကျူအာကုတ်စနစ်ဖြင့် စစ်ဆေးနိုင်မည်ဖြစ်ပြီး ကုန်ပစ္စည်းအတုအပများမှ ရှောင်ရှားနိုင်မည်ဖြစ်ကာ ကုန်ပစ္စည်းအမှတ်တံဆိပ်များ ခိုင်မာအားကောင်းစေရေးအတွက် အကူအညီပေးမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်မှုရင်းမြစ် ခြေရာခံသည့်စနစ်အရ လုပ်ငန်းများအနေဖြင့် မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်များ၏ ကုန်ကြမ်းရယူသည့်အရင်းအမြစ်၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဖြန့်ဖြူးရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များအား ကြေညာထုတ်ပြန် ပေးရမည်ဖြစ်သည်။



၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဓာတုထုတ်ကုန်များ၊ ပေါက်ကွဲလွယ်သည့် စက်မှုလုပ်ငန်းသုံး ပစ္စည်းများနှင့် ဆေးလိပ်ဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုရင်းမြစ်ခြေရာခံသည့် စနစ်ဖြင့် စစ်ဆေးမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းဈေးကွက် စောင့်ကြည့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန တာဝန်ရှိသူ ထရမ်ဟူလင်က ပြောသည်။ ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

# ပါကစ္စတန်နိုင်ငံရှိ လုပ်ငန်းခွင်များတွင် လူငယ်များအား လုပ်ပိုင်ခွင့်ပိုမိုပေးအပ်



**အစ္စလာမာဘတ် ဒီဇင်ဘာ ၂၃**

ပါကစ္စတန်နိုင်ငံသည် နိုင်ငံအတွင်းရှိ လူငယ်များအား လုပ်ငန်းများတွင် လုပ်ကိုင်ခွင့်များ ပေးအပ်ကာ အခွင့်အရေးများ ရရှိစေရေးအတွက် ပြီးပြည့်စုံသည့် မူဝါဒများဖြင့် ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်၏ လူငယ်အစီအစဉ် အကြီးအကဲ ရာနာ မာဟွတ်အာမက်ခန်း က ပြောသည်။

လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိစေရေးဆောင်ရွက်နေကြောင်း သိရသည်။

လူငယ်များအား လုပ်ပိုင်ခွင့်ပေးခြင်းသည် နိုင်ငံဖွံ့ဖြိုးရေးမဟာဗျူဟာ၏ မဏ္ဍိုင်ဖြစ်ပြီး အစိုးရ၏ ပထမ ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ၎င်းကပြောသည်။

လူငယ်များသည် နိုင်ငံအတွက် တန်ဖိုးရှိသည့် ရတနာများဖြစ်ပြီး အနာဂတ်ကာလတွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်သူများဖြစ်သဖြင့် နိုင်ငံအတွင်းရှိ လူငယ်များအား ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် ပညာရေး၊ တီထွင်ဆန်းသစ်မှု၊ အလုပ်အကိုင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။ လူငယ်များအတွက် ပညာတော်သင် အစီအစဉ်၊ လုပ်ငန်းစွမ်းရည် တိုးမြှင့်ရေး၊ စီးပွားရေးလုပ်ငန်းများအား ပံ့ပိုးခြင်းနှင့် အလုပ်အကိုင်များပေးခြင်းတို့ဖြင့် လူငယ်များအား နိုင်ငံဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ရာနာမာဟွတ် အာမက်ခန်း က ပြောသည်။

လူငယ်များအတွက်ဆောင်ရွက်သည့် အစီအစဉ်များသည် ပွင့်လင်းမြင်သာမှုရှိပြီး လူငယ်များအား တူမျှသည့် အခွင့်အရေးများ ပေးထားကြောင်း ၎င်းက ပြောသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ




# လျှပ်စစ်ကားမှတ်ပုံတင်မှုများ မြင့်တက်လာခြင်းကြောင့် ဥရောပတွင်မော်တော်ကားအသစ်များ ရောင်းအားတက်

**ဘာလင် ဒီဇင်ဘာ ၂၃**

ဥရောပတိုက်၏ မော်တော်ကားအသစ် ရောင်းအားသည် ဂျာမနီ၊ အီတလီနှင့် စပိန်နိုင်ငံတို့ အပါအဝင် ဈေးကွက်များအတွင်း လျှပ်စစ်ကားမှတ်ပုံတင်မှုများ မြင့်တက်လာခြင်းကြောင့် နိုဝင်ဘာတွင် ငါးလဆက်တိုက်အဖြစ် နှစ်အလိုက် အရောင်းစာရင်းများ မြင့်တက်ခဲ့ကြောင်း ဥရောပမော်တော်ကားထုတ်လုပ်သူများအသင်း၏ အချက်အလက်များကို ကိုးကား၍ စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘက်ထရီသုံး လျှပ်စစ်ကားမှတ်ပုံတင်မှု အခြေအနေသည် ဥရောပသမဂ္ဂတွင် ဈေးကွက်ဝေစု ၂၁ ရာခိုင်နှုန်း၊ ဗြိတိန်တွင် ၂၆ ရာခိုင်နှုန်းနှင့် နော်ဝေနိုင်ငံတွင် ၉၈ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

ဥရောပ၏ မော်တော်ကားလုပ်ငန်းကဏ္ဍသည် တရုတ်နိုင်ငံမှ ယှဉ်ပြိုင်မှုများ၊ အမေရိကန်၏ သွင်းကုန်အခွန်စည်းကြပ်မှုများနှင့် လျှပ်စစ်ကားကူးပြောင်းရေးဆိုင်ရာ ပြည်တွင်းစည်းမျဉ်းများကို အမြတ်အစွန်းရရှိအောင် လိုက်နာဆောင်ရွက်ရန်ခက်ခဲမှုများ စသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

ဒေသတွင်းရှိ မော်တော်ကားလုပ်ငန်းကဏ္ဍ၏ ဖိအားပေးမှုများကြောင့် ၂၀၃၅ ခုနှစ်တွင် လောင်စာဆီသုံး အင်ဂျင်ကားများကို ပိတ်ပင်မည့် အစီအစဉ်ကို စွန့်လွှတ်ရန် အစီအစဉ်တစ်ခုကို ဥရောပကော်မရှင်က ပြီးခဲ့သည့်သီတင်းပတ်တွင် လူသိရှင်ကြား ထုတ်ပြန်ခဲ့ပြီး ယင်းသည် မကြာသေးမီနှစ်များအတွင်း ဥရောပသမဂ္ဂ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒများမှ အကြီးမားဆုံး နောက်ဆုတ်မှုဖြစ်ကြောင်း သိရသည်။

Mon





# ဘူမိရုပ်ဗေဒမြေအောက်လှိုင်းဖြတ်ပုံရိပ်ဖော်ရေဒါကိရိယာ ရှေးဟောင်းသုတေသနလောကကို ဆန်းသစ်ပြောင်းလဲနိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

ယနေ့ခေတ် ရှေးဟောင်းသုတေသနလောကတွင် မြေအောက်လှိုင်းဖြတ်ပုံရိပ်ဖော်ရေဒါကိရိယာက လှေ့လာရေးနယ်ပယ်ကို ဆန်းသစ်ပြောင်းလဲနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘူမိရုပ်ဗေဒဆိုင်ရာ နည်းပညာသည် မြေအောက်မျက်နှာပြင်ကို ပုံရိပ်ဖော်ရန် ရေဒါလှိုင်းများကို အသုံးပြုခြင်းဖြစ်သည်။ ယင်းနည်းပညာနှင့် ဆင်တူသော နည်းလမ်းများကို အသုံးပြု၍ နော်ဝေးနိုင်ငံရှိ ဗိုက်ကင်းသင်္ဘောကြီးများကို ရှာဖွေဖော်ထုတ်ခြင်း၊ အမေဇုန်တောနက်အတွင်း ပျောက်ဆုံးနေသော လူ့ယဉ်ကျေးမှုများကို ရှာဖွေခြင်းနှင့် ရောမမြို့တစ်ခုလုံးကို မြေကျင်းတူးရန်မလိုဘဲ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

တိုဟိုကုတက္ကသိုလ်မှ မိုတိုယူကီဆာတို ဦးဆောင်သော သုတေသီများသည် မြေအောက် တည်ဆောက်ပုံများကို ပုံဖော်ရန် လျှပ်စစ်ခုခံမှုကို အသုံးပြုသည့် နည်းလမ်းနှင့် မြေအောက်လှိုင်းဖြတ်ပုံရိပ်ဖော်ရေဒါတို့ကို ပေါင်းစပ်အသုံးပြုခဲ့ကြသည်။

၎င်းတို့သည် ကမ္ဘာကျော် ပိရမစ်များအနီးရှိ အနောက်ဘက် သုသာန်တွင် အင်္ဂလိပ်အက္ခရာ အယ်လ် ပုံသဏ္ဌာန်ထူးခြားဖြစ်စဉ်ဟု ဖော်ပြကြသည့် အရာတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ တည်ဆောက်ပုံသည် မြေမျက်နှာပြင်အောက် ဖ ဒသမ ၅ ပေခန့်တွင်ရှိပြီး အရှည် ၃၃ ပေခန့်ရှိကာ တည်ဆောက်ပြီးနောက် ပြန်လည်မြေဖို့ထားသည့် အနေအထားမျိုးဖြစ်ကြောင်း သိရသည်။

Mon

# ဆန်ခါတင်ရွေးချယ်ခံရသော ပုံစံတူလက်ရာများကို ရှန်ဟိုင်းပြတိုက်တွင်ပြသရန် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပေကျင်း ဒီဇင်ဘာ ၂၃**

ရှန်ဟိုင်းပြတိုက် (အရှေ့ဘက်ဌာနခွဲ)တွင် ကမ္ဘာလုံးဆိုင်ရာ အများပြည်သူဆိုင်ရာ အနုပညာပြိုင်ပွဲမှ ဆန်ခါတင်ရွေးချယ်ခံရသော ပုံစံတူလက်ရာများ ပြပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အဆိုပါပြပွဲတွင် ပန်းပု၊ တပ်ဆင်မှုအနုပညာနှင့် ဒစ်ဂျစ်တယ်အနုပညာပုံစံများဖြင့် ရွေးချယ်ထားသော လက်ရာ ၂၄ ခုကို ခင်းကျင်းပြသထားသည်။ ၂၀၂၃ ခုနှစ် ဖွန်လတွင် စတင်ခဲ့သည့် ယင်းပြိုင်ပွဲသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၄၀ ကျော်မှ အဆိုပြုလွှာပေါင်း ၆၀၀ ကျော် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ရှန်ဟိုင်းပြတိုက်က စီစဉ်ပြီး ရှန်ဟိုင်းအများပြည်သူဆိုင်ရာ အနုပညာညှိနှိုင်းရေးဗဟိုဌာနက ကြီးမှူးကျင်းပသော ယခုပြပွဲကို ဇန်နဝါရီလလယ်အထိ ပြုလုပ်သွားမည်ဖြစ်ကာ အများပြည်သူဆိုင်ရာ အနုပညာမှတစ်ဆင့် ပြတိုက်၏ အာကာသနယ်မြေကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သည်။

ရှန်ဟိုင်းပြတိုက်၏ ကွန်မြူနစ်ပါတီအတွင်းရေးမှူး ထန်ရှီဖန်က ယခုပြိုင်ပွဲသို့ ကမ္ဘာတစ်ဝန်းမှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခဲ့ကြသည်ဟု ပြောကြားသည်။

ထို့ပြင် ပြသထားသော လက်ရာများသည် ပြတိုက်နှင့် ၎င်း၏ အများပြည်သူဆိုင်ရာ နယ်မြေများအကြား ဆက်စပ်မှုကို ရှေ့တန်းတင်ရှာဖွေထားခြင်းဖြစ်ပြီး ပြတိုက်နှင့် မြို့ပြ၊ ကြည့်ရှုသူနှင့် ပြကွက်များ၊ အတိတ်နှင့် အနာဂတ်တို့အကြား ဆက်နွယ်မှုများကို ပရိသတ်များ ပြန်လည်သုံးသပ်လာစေရန် တွန်းအားပေးခြင်းဖြစ်သည်ဟု ၎င်းက ဖြည့်စွက်ပြောကြားထားကြောင်း သိရသည်။ Mon



# မေတ္တာလေညင်း တောင်သမန်အင်းမှာ



**တောင်သမန်အင်း**
**လေညင်းကဆော်။**
**ဆောင်းဟေမာန် နှင်းမှုန်ထွေး**
**ချမ်းအေးနတ်တော်**
**လာခဲ့ကြနော်**
**ကန်ရိုးပေါ်က မယ်ဇယ်တန်း။**
**ကြီးလေးဆူ ရောက်အောင်သွားလို့**
**ဂုဏ်တော်ကို အထပ်ထပ်ပွားမယ်**
**မြတ်ဘုရား ကမ္မဋ္ဌာန်း။**

အေးချမ်းသာယာသော နတ်တော်လ၏နေ့တစ်နေ့တွင် စာရေးဆရာလေးဦး ဘုရားဖူးရောက်လာကြ၏။ အမရပူရမြို့၏ အထင်ကရ ဘုရားကြီးလေးဆူတွင် ဒါန သီလ ဘာဝနာနှင့် မေတ္တာပွားများရင်း ဘုရားဂုဏ်တော်ကိုးပါး ပုတီးစိပ်ရန် မြင့်မြတ်သောရည်ရွယ်ချက်ဖြင့် ရောက်လာကြခြင်းဖြစ်သည်။ ပထမဦးစွာ တောင်သမန်အင်း အနောက်မြောက်ထောင့် အမရပူရနန်းမြို့ဟောင်းအနောက်ဘက်ရှိ ရွှေဂူကြီးမြတ်စွာဘုရားအား ဖူးမြော်ကန်တော့ကြ၏။ ရွှေဂူကြီးစေတီဘုရားတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဓာတ်တော်များကို ဌာပနာတည်ထားသောကြောင့် ဓာတုစေတီထိုက်သလို ဂူကြီးအတွင်းတွင် မြတ်စွာဘုရား ရုပ်ပွားတော်ကြီးရှိနေသဖြင့် ဥဒ္ဒိဿစေတီလည်း ဖြစ်လေ၏။ ရွှေဂူကြီးမြတ်စွာဘုရားကို ပုဂံခေတ် နရပတိစည်သူမင်းကြီးက မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် အမရပူရမြို့တည်နန်းတည် ဗဒုံမင်း၏သားတော် အိမ်ရှေ့စံမင်း သီဟသူရနှင့် အိမ်ရှေ့စံမိဖုရား သုဘဒ္ဒါရတနာဒေဝီတို့က ပြန်လည်ပြုပြင်လှူဒါန်းခဲ့သည်။

အရှေ့ဘက်လိုဏ်ဂူကြီးအတွင်းရှိ ရုပ်ပွားတော်ကြီးရှေ့တွင် ဆရာ အေးပေါ်(မန္တလေး)မှာ တရားထိုင်နေ၏။ သူ၏ဘေးတွင် ဆရာစိုးဝင်း(ဆသရ)မှာ ပုတီးစိပ်နေ၏။ ဘုရားကြီး၏ညာဘက်ဘေးတွင် ဆရာမြနန္ဒာဉာဏ်ဝေမှာ တရားရှုမှတ်နေသည်။ ခပ်လှမ်းလှမ်းတွင် ကားဆရာလေး ကိုသာချိုတစ်ယောက် မဟာသမယသုတ် ရွတ်ဖတ်ပူဇော်နေ၏။ ဆရာဟာမိုနီမှာ ဘုရားဂေါပက လူကြီးမင်းများနှင့် အဖွဲ့ကျနေ၏။ သူကိုယ်တိုင်ပါဝင်၍ အမရပူရမြို့ ရွှေဂူကြီးမြတ်စွာဘုရားသမိုင်းကြောင်းစာအုပ် ထုတ်ဝေနိုင်အောင် ကြိုးစားခဲ့ပုံများကို အပရစေတနာဖြင့် အာပေါင်အာရင်းသန်သန် စားမြုံ့ပြန်နေလေသည်။ ‘ကျွန်တော် ဗုမ်၊ မေတ်၊ အ၊ မ၊ အနိစ္စ ဆိုတဲ့ အိမ်စောင့်တရားငါးပါးပွားများရတာ အတော်အဆင်ပြေတယ်ဆရာ’ အေးပေါ်(မန္တလေး)က သူ၏ကြည်နူးစိတ်ကို မျှဝေလာ၏။ ‘လင်းစမ်းပါဦး ဆရာပေါ်ရဲ့ ခင်များပွားများတဲ့ ဗုဒ်၊ မေတ်၊ အ၊ မ၊ အနိစ္စဆိုတဲ့ အိမ်စောင့်တရားငါးပါးဆိုတာကို’ ငိုချင်လျက်လက်တို့၊ ပြောချင်နေသူကို လမ်းဖွင့်ပေးလိုက်သူမှာ မြနန္ဒာဉာဏ်ဝေဖြစ်၏။ ‘ဒီလိုဗျ၊ မဟာစည်ဆရာတော်ဘုရားကြီးရေးခဲ့တဲ့ စာအုပ်တစ်အုပ်ထဲမှာ ကျွန်တော် ဖတ်ခဲ့ရဖူးတယ်။ တကယ်တမ်းက ခန္ဓာစောင့်တရားငါးပါးပါ ‘ဗုမ်’ ဆိုတာက ပထမဦးဆုံး ဘုရားဂုဏ်တော်ကိုးပါး၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများနေရမယ်တဲ့။ ဒုတိယကတော့ ‘မေတ်’ ဆိုတဲ့အတိုင်း မေတ္တာကမ္မဋ္ဌာန်းကို ပွားများနေရမယ်တဲ့။ ‘အ’ ဆိုတာက ‘အသုဘကမ္မဋ္ဌာန်း’ ကို ပြောတာဗျ။ ကိုယ်ခန္ဓာကြီးရဲ့ မနှစ်မြို့ဖွယ်ရာ အသုဘကြီးကို ပွားများနေရမယ်လို့ဆိုလိုတာပေါ့ ‘မ’ ဆိုတာက ‘မရဏာနုဿတိကမ္မဋ္ဌာန်း’ ပေါ့ဗျာ။ သေခြင်းတရား အကြောင်းပွားများနေဖို့ပေါ့။ ‘အနိစ္စ’ ဆိုတာကတော့ မြင်တာ၊ ကြားတာ၊ နံတာ၊ လျှာပေါ်ကအရသာ၊ ခန္ဓာကိုယ်ရဲ့အထိအတွေ့၊ တွေးတောကြံစည်စိတ် ဒီတရားတွေဟာ ဖြစ်လိုက်ပျက်လိုက်နဲ့ မမြဲသောအနိစ္စတရားတွေပါလားလို့ ရှုမှတ်နေရမယ်တဲ့ ဆရာဉာဏ်ရေ’ ‘တန်ဖိုးရှိလိုက်တာ ကိုကြီးပေါ်ရာ၊ ကျုပ်လည်းပဲ အဲ့ဒီခန္ဓာစောင့်တရားငါးပါးကို ပွားများမယ်ဗျာ’ ဆရာမြနန္ဒာဉာဏ်ဝေက အမိဋ္ဌာန်စကားကို ဆိုလိုက်သည်။ စာရေးဆရာအားလုံးကို ဘုရားဂေါပကလူကြီးမင်းများက ရွှေဂူကြီးမြတ်စွာဘုရားသမိုင်းစာအုပ်တစ်အုပ်စီ လက်ဆောင်ပေးသည်။ စာရေးဆရာများသည်လည်း အလှူခံဌာနတွင် ပစ္စည်းလေးပါးဝတ္ထုငွေများ လှူဒါန်းခဲ့ကြသည်။

ဆရာဟာမိုနီဦးဆောင်၍ နေ့လယ် ၁၂ နာရီခန့်တွင် ဘကြီးတော်စစ်ကိုင်းမင်း တည်ထားကိုးကွယ်တော်မူခဲ့သော မဟာဝိဇယရံသီ ပုထိုးတော်ကြီးမြတ်စွာဘုရားသို့ လမ်းလျှောက်လာခဲ့ကြ၏။ ပုထိုးတော်ကြီးဘုရားမှာ ရွှေဂူကြီးဘုရားအရှေ့ဘက်အနီးတွင် တည်ရှိသည်။ မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် တည်ထားခဲ့သည်။ ကြည်ညိုဖွယ် ဇရာမစေတီဘုရားကြီးတစ်ဆူဖြစ်ပြီး အင်းဝခေတ်၊ အမရပူရခေတ်တို့ကို ပြန်လည်အောက်မေ့ သတိရစေသည်။ ဘုရားဖူး၊ ပုတီးစိပ်၊ တရားထိုင်၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီးကြသောအခါ စနေထောင့်တွင် ဆရာမကြီးဒေါ်အေးမြင့်နှင့်အဖွဲ့က လက်ဖက်သုပ်များဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးသည်။ ဆရာဟာမိုနီ ငယ်စဉ်အောင်ထွန်းထွန်းဘဝက တရားထိုင်ခဲ့သော စနေထောင့်နေရာဖြစ်သည်ဟု ရှင်းပြသည်။ နေ့လယ် ၁ နာရီခန့်တွင် တောင်သမန်မဟာသကျရံသီ ကျောက်တော်ကြီးဘုရားသို့ ကားလေးဖြင့် ထွက်ခဲ့ကြ၏။ တောင်သမန်ကျောက်တော်ကြီးဘုရားသည် တောင်သမန်အင်းအရှေ့ထိပ်တွင် တည်ရှိပြီး တောင်သမန်ရွာအနီးတွင် တည်ရှိသည်။ အမရပူရခေတ် သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ပုဂံမင်းက တည်ထားကိုးကွယ်ခဲ့သည်။ ဘုရားကြီး၏ ပရိဝုဏ်အုတ်ရိုးအတွင်းသို့ ဝင်လိုက်သည်နှင့် အလွန်ကြီးမားကျယ်ပြန့်သော အအေးနှင့်အကြော်စုံဆိုင်ကြီးကို တွေ့လိုက်ရ၏။ ဆိုင်ကြီးအတွင်းသို့ ကားကို မောင်းဝင်လိုက်ပြီး ညောင်ပင်အောက် အရိပ်ကောင်းကောင်းတွင် ရပ်လိုက်သည်။ ထိုဆိုင်ကြီး၏ အမည်မှာလည်း ထူးဆန်းသည် ‘ဘဲကြီး’ အကြော်စုံနှင့် စားသောက်ဆိုင်ဖြစ်၏။ ဆရာဟာမိုနီ၏ သူငယ်ချင်းဖြစ်သူ ကိုဘဲကြီးမှာ ဆရာများကို အကြော်စုံများ၊ ကော်ဖီများနှင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။ ဆိုင်ကြီးမှာ လုမ္ဗနီအင်ကြင်းဥယျာဉ်ကြီးအောက်တွင် တည်ရှိပြီး တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများဖြင့် အလွန်စည်ကားလျက်ရှိ၏။ စာရေးဆရာများအဖွဲ့ ပုတီးစိပ်၊ တရားထိုင်ပြီး ညနေ ၂ နာရီခန့်တွင် တောင်သမန်ကျောက်တော်ကြီးဘုရားမှ ထွက်လာကြသည်။ ညနေစောင်း နေဝင်ဆည်းဆာအချိန်တွင် တောင်သမန်အင်း အနောက်ထိပ်၊ ဦးပိန်တံတားထိပ်အနီး တောင်မင်းကြီးဘုရားကြီးသို့ ရောက်ရှိခဲ့ကြသည်။ ထိုဘုရားကြီးတွင် အမရပူရ ဆရာစိန်က ကြိုဆိုနေသည်။ တောင်မင်းကြီးဘုရားကြီးကို အမရပူရခေတ် သက္ကရာဇ် ၁၁၄၈ ခုနှစ်တွင် တောင်မင်းကြီး(ခေါ်)အသည်ဝန် မင်းလှကျော်စွာက တည်ထားကိုးကွယ်ခဲ့သည်။ ထိုတောင်မင်းကြီးဘုရားကြီးသည် ဉာဏ်တော်အမြင့် ၃၁ တောင်၊ မဏိလုံးပတ်တော် ၂၁ တောင်၊ မျက်ခုံးတော် ၄ တောင် ၂ မိုက်၊ မျက်လုံးတော် ၂ တောင် ၂ လက်မ၊ နားတော်အမြင့် ၆ တောင်၊ ဖဝါးတော် ၆ တောင်၊ လက်ချောင်းတော် ၆ တောင်၊ တင်ပလ္လင်ခွေလုံးပတ်တော် ၅၆ တောင် ၂ မိုက်ရှိကြောင်း သိရသည်။ ညနေ ၄ နာရီခန့်တွင် ဘုရားဖူးမြော်ကြည်ညိုမှု ပရိတ်တော်များ ရွတ်ဖတ်မှုပြီးဆုံးခဲ့သည်။ အပြန်ကန်ပေါင်လမ်းတစ်လျှောက် ဆောင်းလေနုအေးလေးများနှင့်အပြိုင် ဘုရားဖူးအဖွဲ့၏ နှလုံးသားထဲတွင်လည်း ……

**မြန်မာမှု အေးပေါ်**



❖ တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များ ရှိရန်လို. . .

❖ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန်ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေးဆောင်ရွက်နေရန်လို. . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်




နေပြည်တော် ဒီဇင်ဘာ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားလမ်းပိုင်းများ ပိုမိုကောင်းမွန်လာခြင်း၊ အချက်ပြစနစ် ပိုမိုခေတ်မီလာခြင်းနှင့်အတူ ခေတ်မီစက်ခေါင်းနှင့် လူစီးတွဲများ အသုံးပြုလာနိုင်ခြင်းကြောင့် ရန်ကုန်-မန္တလေး အဓိကရထားလမ်းပိုင်း၌ ရထားအမြန်နှုန်းများ တိုးမြှင့်ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခဲ့သဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ✻

## ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၃**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီက ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၈ မိနစ်နှင့် ၇၄ မိနစ်တွင် မျိုးဇော်ဦး၊ ပွဲချိန် (၉၀+၄)မိနစ်တွင် ပြည်မိုးတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်း ဝါရင့်တိုက်စစ်မှူး မျိုးဇော်ဦးက ဆွတ်ခူးရရှိခဲ့သည်။

ရတနာပုံအသင်းသည် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ပွဲ ကစားအပြီးတွင် ရမှတ် ၁၇ မှတ် ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်လျက်ရှိသည်။

(NGB)





## အာဖရိကနိုင်ငံများဖလား အုပ်စုအဆင့်ပွဲစဉ်များတွင် ကွန်ဂို၊ ဆီနီဂေါ၊ နိုင်ဂျီးရီးယားအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် ဒီဇင်ဘာ ၂၃**

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်များတွင် ကွန်ဂို၊ ဆီနီဂေါ၊ နိုင်ဂျီးရီးယားအသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီက အုပ်စု(ဃ)ပွဲစဉ်အဖြစ် ကွန်ဂိုအသင်းနှင့် ဘီနင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကွန်ဂိုအသင်းက ဘီနင်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကွန်ဂိုအသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ဘွန်ဂွန်ဒါက သွင်းယူပေးခဲ့သည်။

ဆက်လက်၍ အုပ်စု(ဃ) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီခွဲက ဆီနီဂေါအသင်းနှင့် ဘော့ဆွာနာအသင်းတို့ ပွဲစဉ်တွင်လည်း ဆီနီဂေါအသင်းက ဘော့ဆွာနာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ဂ)ပွဲစဉ်အဖြစ် နိုင်ဂျီးရီးယားအသင်းနှင့် တန်ဇန်းနီးယားအသင်းတို့ ပွဲစဉ်တွင်လည်း နိုင်ဂျီးရီးယားအသင်းက တန်ဇန်းနီးယားအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နိုင်ဂျီးရီးယားအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် အာဂျာယီ၊ ပွဲချိန် ၅၂ မိနစ်တွင် လွတ်ခ်မန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

(NGB)